# ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါးမူဝါဒကော်မရှင် (Global Commission on Drug Policy)

၁။ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်ကို ၂ဝ၁၁ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိမူးယစ်ဆေးဝါးထိန်းချုပ်ရေးနည်းဗျူဟာ၊ လူ့အခွင့်အရေးကို ကာကွယ်သောဆန်းသစ်ထိရောက်သည့် မူဝါဒထောက်ခံချက်များတင်သွင်းရန်၊ မူးယစ်ဆေးဝါးကြောင့်ဖြစ်သော အကျိုးဆက်များကိုလျှော့ချရန် စသောကိစ္စရပ်များအတွက် အဓိကထားဖွဲ့စည်းထားသော နိုင်ငံတကာဆိုင်ရာစံပြုအသင်းအဖွဲ့ကြီးဖြစ်ပါသည်။ ၎င်းအား နိုင်ငံရေးနယ်ပယ်မှ နိုင်ငံရေးခေါင်းဆောင်များနှင့်အသိပညာရှင်(၂၃)ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ရုံးစိုက်ပါသည်။

၂။ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်အား မူးယစ်ဆေးဝါးနှင့်ဒီမိုကရေစီဆိုင်ရာ လက်တင်အမေရိကန်ကော်မရှင် (Latin American Commission on Drugs and Democracy) ၏အတွေ့အကြုံများဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းကော်မရှင်၏ဥက္ကဋ္ဌဟောင်းများမှာ ဘရာဇီးနိုင်ငံမှ Cardoso၊ ကိုလံဘီယံနိုင်ငံမှ Gaviria နှင့် မက္ကစီကိုနိုင်ငံမှ Zedillo တို့ဖြစ်ပါသည်။

၃။ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်သည် သံတမန်နည်းဗျူဟာများအသုံးပြု၍ ဥပဒေစည်းမျဉ်းများနှင့်သွေဖယ်သောအကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးပွဲများဖြင့် ပြန်လည်လမ်းညွှန်ပေးခြင်း၊ ပိုမို၍အထောက်အထားခိုင်မာပြီး ဘက်မျှသော မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် စကားရည်လုပွဲများအား ဥပဒေနှင့်အညီဆောင်ရွက်ပေးခြင်း၊ လူ့အခွင့်အရေးနှင့်ပြည်သူ့ကျန်းမာရေးလုံခြုံစိတ်ချစေရေးတို့အား အရေးကြီးကိစ္စအနေဖြင့်ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူများနှင့်လူ့အဖွဲ့အစည်းအတွက် မူးယစ်ဆေးဝါးကြောင့်ဖြစ်သော ထိခိုက်နာကျင်မှုများလျှော့ချရန် ထိရောက်သောနည်းလမ်းများ တင်သွင်းခြင်း စသည်တို့ကိုလုပ်ဆောင်ပါသည်။

၄။ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်သည် ကော်မရှင်၏အမြင်များ၊ အခြားသောအစီရင်ခံစာများမှ အတွေးအမြင်များ၊ အစိုးရအရာရှိကြီးများနှင့်အင်တာဗျူးများ၊ အစိုးရအဖွဲ့အစည်းများနှင့်အင်တာဗျူးများမှ ရရှိသောအကြောင်းအချက်များအပြင် လူမှုအဖွဲ့အစည်းခေါင်းဆောင်များနှင့်ပူးပေါင်းဆောင်ရွက်ကာ ပြည့်စုံကောင်းမွန်ပြီး ခိုင်မာသော

အချက်အလက်အထောက်အထားများပါဝင်သည့် မူဝါဒဆိုင်ရာအစီရင်ခံစာများအား ထုတ်ဝေခြင်းဖြင့် ၎င်း၏လုပ်ငန်းတာဝန်များအား ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ ကနဦးအစမှ ယနေ့ထက်တိုင်အောင် ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်သည် အဓိကအရေးပါသောအစီရင်ခံ(၆)စောင်၊ သတင်းမှတ်တမ်းတင်ရုပ်ရှင်ကား(၃)ကား ထုတ်ဝေခဲ့ပါသည်။ ထိုအစီရင်ခံစာများသည် မူးယစ်ဆေးဝါးတိုက်ဖျက်ချေမှုန်းရေးတွင် မအောင်မြင်မှုများ၊ ပြည်သူ့ကျန်းမာရေးအပေါ်အကျိုးသက်ရောက်မှုများနှင့် မူးယစ်ဆေးဝါးကုန်သွယ်ရောင်းဝယ်မှုလမ်းကြောင်းဆိုင်ရာအချက်အလက်များကို ဆန်းစစ်ဖော်ပြထားပါသည်။

၅။ ၂၀၁၁ခုနှစ်တွင်ထုတ်ဝေခဲ့သော ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်၏ပထမဦးဆုံးအစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းလုံးတွင် ကျင့်သုံးနေသောမူးယစ်ဆေးဝါးထိန်းချုပ်ရေးစနစ်၏ချို့ယွင်းချက်၊ အားနည်းချက်များအား ရေးသားတင်ပြခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များသည် ရာဇဝတ်မှုလျှော့ချရေးတွင်ပါဝင်ထောက်ခံခဲ့ကြပြီး အဆင့်မြင့်နိုင်ငံရေးအရာရှိများ၊ အသိပညာရှင်များနှင့်စီးပွားရေးခေါင်းဆောင်များအနေဖြင့် မူးယစ်ဆေးဝါးမူဝါဒပြုပြင်ပြောင်းလဲမှုတွင် ပထမဦးဆုံးအကြိမ်ပါဝင်ခဲ့ကြခြင်းပင်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်တည်ထောင်မှုအကြောင်းအရင်းနှင့် ၎င်း၏ဆန်းသစ်သောမူဝါဒဆိုင်ရာများအား သတင်းဆောင်းပါးရာပေါင်းများစွာတွင်ရေးသားဖော်ပြခဲ့ကြပါသည်။

၆။ ၂၀၁၆ခုနှစ်အစီရင်ခံစာတွင်လည်း ရာဇဝတ်မှုလုံးဝပပျောက်ရေးအား လေ့လာဆန်းစစ်ခြင်းနှင့် မူးယစ်ဆေးဝါးမူဝါဒပြုပြင်ပြောင်းလဲမှု၏အရေးပါသောအဆင့်အဖြစ် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်ကိုယ်တိုင်အသုံးပြုရန်လက်ဝယ်ထားရှိခြင်းတို့အတွက် ပြစ်မှုများနှင့်တရားမမှုများ၏ပြစ်ဒဏ်များဆိုင်ရာအချက်အလက်များကိုရှင်းလင်းဖော်ပြခဲ့ပါသည်။

၇။ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်သည် ကုလသမဂ္ဂအတွင်းရေးမှူးဟောင်း၊ ကမ္ဘာလုံးဆိုင်ရာမူးယစ်ဆေးဝါးမူဝါဒကော်မရှင်အဖွဲ့ဝင်ဖြစ်သည့် ကိုဖီအာနန်ဦးဆောင်သည့် ဒေသတွင်းအဖွဲ့ဖြစ်သည့် အနောက်အာဖရိကမူးယစ်ဆေးဝါးကော်မရှင်အဖွဲ့ (West Africa Commission on Drugs) ပေါ်ပေါက်လာအောင်လည်း လှုံ့ဆော်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ခုနှစ်၊ ဇွန်လတွင် အနောက်အာဖရိကမူးယစ်ဆေးဝါးကော်မရှင်

အဖွဲ့မှထုတ်ဝေသည့် Not Just in Transit စာအုပ်သည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းနှင့်ထုတ်လုပ်ခြင်းတို့သည် ပြည်သူတို့၏ကျန်းမာရေးအား ခြိမ်းခြောက်နေပြီး ဖွံ့ဖြိုးတိုးတက်မှုအား ထိခိုက်စေနိုင်ကြောင်း မီးမောင်းထိုးပြသခဲ့ပါသည်။

## Ms.Ruth Dreifuss ၏ကိုယ်ရေးအချက်အလက်များ



ဆွစ်ဇာလန်နိုင်ငံ၏ယခင်သမ္မတဟောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ဝန်ကြီးဟောင်း

Ruth Dreifuss အား ၁၉၄၀တွင်မွေးဖွားခဲ့ပြီး အိမ်ထောင်မရှိလူလွတ်တစ်ဦးဖြစ်သည်။ သူမသည် ဂျီနီဗာမြို့၌ ပညာလေ့လာဆည်းပူးခဲ့ပြီး ၁၉၇၁ခုနှစ်တွင် စီးပွားရေးဘွဲ့ဖြင့်ဘွဲ့ရရှိခဲ့ပါသည်။ သူမသည် ဟိုတယ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အပတ်စဉ်ထုတ်ဂျာနယ်အယ်ဒီတာအဖြစ်လည်းကောင်း၊ လူမှုဖူလုံရေးဝန်ထမ်းအဖြစ်လည်းကောင်း၊ ဂျီနီဗာတက္ကသိုလ်တွင် လက်ထောက်အဖြစ်လည်းကောင်း အလုပ်အကိုင်အမျိုးမျိုးတွင် လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားချင်း စာနာထောက်ထားကူညီပေးရေးအေဂျင်စီတွင် (၉)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၁ခုနှစ်တွင် ဆွစ်အလုပ်သမားသမ္မဂအဖွဲ့ချုပ်၏အတွင်းရေးမှူးဖြစ်လာခဲ့သည်။ ထိုရာထူးတွင် သူမသည် လူမှုဖူလုံရေးအာမခံ၊ အလုပ်သမားဆိုင်ရာဥပဒေ၊ ကျား/မတန်းတူညီမျှရှိမှုနှင့် အပြည်ပြည်

ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)နှင့် ဆက်ဆံရေးစသည့်ကဏ္ဍများအား တာဝန်ယူဆောင်ရွက်ရပါသည်။

၁၉၉၃ခုနှစ်တွင် Ruth Dreifuss သည် ဖယ်ဒရယ်ကောင်စီဝင် (ဆွစ်ဇာလန်အစိုးရ၏အဖွဲ့ဝင်)အဖြစ် ပါလီမန်မှရွေးကောက်ခံခဲ့ရပြီး နှစ်ကြိမ်ဆက်တိုက်ပြန်လည်ရွေးကောက်ခံခဲ့ရပါသည်။ ၁၉၉၃ခုနှစ်မှ သူမနုတ်ထွက်ခဲ့သည့် ၂၀၀၂ခုနှစ်အထိ သူမသည် ပြည်ထဲရေးဝန်ကြီးဌာန၏ဗဟိုဌာနတွင် ဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုဝန်ကြီးဌာနသည် ၁၉၉၇ခုနှစ်တိုင်အောင် ပြည်သူ့ကျန်းမာရေး၊ လူမှုဖူလုံရေးအာမခံ၊ သိပ္ပံဆိုင်ရာသုတေသနပြုခြင်း၊ အဆင့်မြင့်ပညာရေး၊ ကျား/မတန်းတူညီမျှရှိရေး၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများအတွက် တာဝန်ယူဆောင်ရွက်ရပါသည်။ ၁၉၉၉ခုနှစ် တွင် သူမသည် ဆွစ်ဇာလန်နိုင်ငံ၏သမ္မတဖြစ်လာခဲ့သည်။

သူမသည် ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးအာမခံအတွက် တာဝန်ရှိသည့်အားလျော်စွာ HIV/AIDS ကြိုတင်ကာကွယ်ခြင်းနှင့် မူးယစ်ဆေးဝါးစွဲခြင်းစသည့်နယ်ပယ်များတွင် မူဝါဒအသစ်များချမှတ်ခဲ့ပါသည်။ ဆွစ်လူမျိုးတို့အား ကမ္ဘာတစ်လွှားအာမခံပေးနိုင်သော ကျန်းမာရေးအာမခံဥပဒေအသစ်အားမိတ်ဆက်ရာတွင် တာဝန်ရှိသူဖြစ်ခဲ့ပါသည်။ အစိုးရအဖွဲ့မှ အနားယူပြီးနောက်တွင် သူမသည် ဉာဏပစ္စည်းမူပိုင်ခွင့်၊ ဆန်းသစ်တီထွင်မှုနှင့် ပြည်သူ့ကျန်းမာရေးစသည့်အကြောင်းအရာများနှင့်ပတ်သက်သည့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အစီရင်ခံစာများတွင် ပါဝင်ရေးသားခဲ့ပါသည်။

သူမသည် အစ္စရေးနိုင်ငံရှိ ဟိုင်ဖာ(Haifa)တက္ကသိုလ်၊ ဂျေရုစလင်(Jerusalem)တက္ကသိုလ်နှင့် ဆွစ်ဇာလန်နိုင်ငံရှိ ဖရေးဗော့(Fribourg)တက္ကသိုလ်များမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိခဲ့သည်။